အင်းကြီးကျေးရွာ

ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အင်းကြီးကျေးရွာ၊ ဟသ်ာတမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

# မာတိကာ


| | |
|---|---|
| မာတိကာ | ၁–၄ |
| စကားချီး | ၅ |
| အင်းကြီးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဟသ်ာတမြို့နယ် | ၆ |
| အင်းကြီးကျေးရွာကျေးရွာရာသီခွင်ပြ ပြက္ခဒိန် | ၇ |
| အင်းကြီးကျေးရွာအဖွဲ့အစည်းပြမြေပုံ | ၈ |

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(၁–၁) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(၁–၂) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၉–၁၁

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ ၁၁

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု ၁၂–၁၄

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦ – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၄–၁၈

(၅) ဖွံ့ဖြိုးရေးအတွက်ကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊
အဟန့်အတားနှင့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ
(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု ၁၉-၂၀
(၆) ပန်းတိုင်နှင့်မဟာဗျူဟာ
(က) ဖွံ့ဖြိုးရေးပန်းတိုင်
(ခ) အကောင်အထည်ဖော်နည်းဗျူဟာ ၂၀-၂၂
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား
အစီအစဉ်ကျသော ချိတ်ဆက်မှုများ
(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း
(ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ
(ဂ) အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့်ဈေးကွက်အတွက်အထောက်အပံ့
များဖြည့်ဆည်းပေးခြင်း ၂၂-၂၃
(၈) စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြားခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ ၂၄-၂၇
(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၈
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်
အစီအစဉ်များ
(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ
(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း
(၁၀-၃) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ
(၁၀-၄) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်

အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာ
အစီအမံများ ၂၉-၃၀
(၁၁) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း
(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း
(၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ ၃၀-၃၂
**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၃-၇၈
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံး
လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏
ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိလူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက်
အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်
ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
အတွက်အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်
ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်
လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား ၃၀ ပညာရေးနှင့်စာတတ်မြောက်မှု
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား၊ မရေးရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ
အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား
လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ
ကိုးကားစာရင်း ၇၉

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့အင်းကြီးကျေးရွာ၏ ပထမဦးဆုံး သောလူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဟင်္သာတမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးနှင့်တကွ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင် ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက် အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူး များနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အင်းကြီးကုန်းကျေးရွာ
ဟင်္သာတမြို့နယ်

ဩဂုတ်လ၊ ၂၀၁၈ ခုနှစ်     ရက်

အင်းကြီးကျေးရွာအုပ်စု၊ အင်းကြီးကျေးရွာ၊ သယံဇာတမြေပုံ



# အင်းကြီးကျေးရွာ ရာသီခွင်ပြပြက္ခဒိန်မြေပုံ၊ ဟသ်ာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | မြေပြင် | ထွန်စက်ခွဲ | စပါးကဲ | ခါတ်မြေဩဇာ | ဆေးဖျန်း | ဆေးဖျန်း | စပါးရိတ်သိမ်း | မတ်ပဲစိုက် | ပိုးသတ်ဆေးဖျန်း | - | ပဲသိမ်း | ပဲသိမ်း |
| ၃ | အသုံးစရိတ် | နည်း | များ | များ | အလွန်များ | များ | နည်း | များ | များ | များ | နည်း | များ | များ |
| ၄ | ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | များ |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

အင်းကြီးကျေးရွာ အဖွဲ့အစည်းပြပြက္ခဒိန်မြေပုံ၊ ဟင်္သာတမြို့နယ်



## အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေစွဲခြင်း**

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်း ဖော်ပြထား ပါသည်။ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိ နိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊ သတင်း နှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလား ချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွကလာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့်အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစား ချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေရန်အတွက်ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။

ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်း အားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

အင်းကြီးကျေးရွာသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများ သောဒေသဖြစ်ပါသည်။ဧပြီလတွင် အမြင့်ဆုံးအပူချိန်မှာ ၄၀Ċ ဖြစ်ပြီး အနိမ့်ဆုံးအပူချိန်မှာ ၁၂Ċ ဖြစ်ပါသည်။တစ်နှစ်ပျမ်းမျှမိုးရွာသည့်ရက်မှာ (၁၀၈)ရက်ဖြစ်ပြီးပျမ်းမျှမိုးရေချိန်မှာ(၉၄.၉၈)လက်မဖြစ်ပါသည်။ မိုးရွာသွန်းမှုအများဆုံး ကာလမှာဇူလိုင်လနှင့်ဩဂုတ်လများဖြစ်သည်။အင်းကြီးကျေးရွာသည် အင်းကြီးအုပ်စုတွင်ပါဝင်ပြီ မြစ်ဝကျွန်းပေါ် ဒေသတွင်တည်ရှိပါသည်။ပတ်ဝန်းကျင်ကျေးရွာများမှာတောင်စုကျေးရွာ၊ သရက်ကုန်းကျေးရွာ၊ ဆည်အင်းကုန်းကျေးရွာ၊ကညင်ချောင်းကျေးရွာ၊ ကျောင်းကုန်းကျေးရွာ၊ ပန်းဘဲကုန်းကျေးရွာ၊ ကွက်သစ်ကြီးကျေးရွာ၊ ကွက်သစ်လေးကျေး ရွာတို့ဖြစ်ပါသည်။ အင်းကြီးကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကျသော ဒေသတစ်ခုဖြစ်ပါသည်။ ခြံလုပ်ငန်းကိုလည်း တွဲဖက်လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးအတွက် ရေကိုအဝီစိတွင်းမှ အသုံးပြုပြီး သောက်ရေကိုလည်း အဝီစိတွင်းမှသာအသုံးပြုပါသည်။

### (ခ) သဘာဝအရင်းအမြစ်

အင်းကြီးကျေးရွာတွင် သတ္တုတွင်းထွက် ပစ္စည်းများမရှိပါ။ သို့သော်လည်းလည်း သဘာဝဆေးဘက်ဝင် အပင်များဖြစ်သည့် ဘုမ္မရာဇာ၊ ကနဖော့၊ဖေဒါ၊လောက်သေ၊ သက်ရင်းကြီး၊ ဆင်တုံးမနွယ်၊ ခွေးသေးပန်းပင်၊ ကြိတ်မှန်ရွက်၊ ရဲယိုရွက်စသည့်အပင်တို့ ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် ဆေးဘက်ဝင်အပင်များ ပေါက်ရောက်သည့် ဒေသတစ်ခုလည်းဖြစ်ပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အင်းကြီးကျေးရွာ အိမ်ထောင်စုပေါင်း(၁၄၀)စု နှင့် ကျား (၂၃၃)၊ မ(၂၃၁)ဦး လူဦးရေပေါင်း(၄၆၄)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၃)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅)ဦးထက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၇၅% ရှိပြီး အမျိုးသမီးနှင့် အမျိုးသားအရေအတွက်မှာ အချိုးညီမျှမှုရှိသဖြင့် အမျိုးသားများနှင့်အတူ အမျိုးသမီးများပါ လုပ်ကိုင်နိုင်သည့် အလုပ်များကို ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်း အရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါမည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ဥစ္စာဓနအဆင့်သတ်မှတ်ချက်အရ ကျေးရွာအိမ်ထောင်စု၏(၆၀%)နီးပါးမှာ မပြေလည်သော အိမ်ထောင်စုများဖြစ်ပါသည်။ အဆင်ပြေသောအိမ်ထောင်စုမှာ ပျမ်းမျှအားဖြင့် လယ်(၁၀)ကေ အထက်ပိုင်ဆိုင်ကြပြီး လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုရှိကာ အိမ်အခြေအနေကောင်းမွန်ပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများတွင် အိမ်အသင့်အတင့်ပိုင်ဆိုင်မှုရှိပြီး ၊ လယ်ယာမြေပိုင်ဆိုင်မှုအသင့်အတင့်ရှိကာ စီးပွားရေး အသင့်အတင့်ကောင်းမွန်သော အိမ်ထောင်စုများဖြစ်ကြသည်။ ဆင်းရဲသော အိမ်ထောင်စုများနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုများတွင် ကောင်းမွန်သော အိမ်ပိုင်ဆိုင်မှုမရှိခြင်း၊ လယ်မြေအနည်းငယ်သာပိုင်ဆိုင်ခြင်း၊ အချို့အိမ်ထောင်စုတွင် လယ်မြေပိုင်ဆိုင်မှုမရှိခြင်း၊ အချို့ဆင်းရဲသော အိမ်ထောင်စုများနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများတွင် လယ်မြေပိုင်ဆိုင်မှု မရှိသောကြောင့် ကျပန်းလုပ်ကိုင်ကျရသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

အင်းကြီးကျေးရွာတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု(၃၀)စုရှိသည့်အနက်(၁၀) အိမ်ထောင်စုမှာ (၃)လအောက် ချေးငှားခြင်းမပြုဘဲထမင်းနပ်မှန်အောင်စားနိုင်ပြီး (၉)အိမ်ထောင်စုမှာ (၃)လမှ(၅)လအထိ ဝမ်းစာဖူလုံမှုရှိပါသည်။ အိမ်ထောင်စု (၂၁)စုမှာ (၆)လနှင့်အထက် ချေးငှားခြင်း မပြုဘဲထမင်းနပ်မှန်

အောင်စားနိုင်ပါသည်။ ၎င်းတို့သည် လုပ်အားခကြိုတင်ယူခြင်း၊ ဆွေမျိုးမိတ်ဆွေများနှင့်ငွေတိုး ချေးစားသူများထံမှ ကြွေးယူခြင်းတို့အပြင် အခြားဒေသများသို့ သွားရောက်လုပ်ကိုင်သူများထံမှ ပြန်ပို့ငွေများဖြင့် စားနပ်ရိက္ခာဖူလုံရန် ရပ်တည်နေကြရပါသည်။ ငွေကြေးအရင်းအနှီးများ မပြည့်စုံသောကြောင့် ဆင်းရဲသောလူလူတန်းစားများမှာထိခိုက်မှုများ ရှိနေပါသည်။

မိုးရာသီမိုးအများဆုံး ရွာသွန်းချိန် ဝါဆိုဝါခေါင်လများတွင် ကွင်းရေကြီးလာလျှင် အနိမ့်ပိုင်းတွင် နေထိုင်သော အိမ်ထောင်စုအနည်းစုမှာ အခက်အခဲကြုံတွေ့နိုင်ပါသည်။ ရေကြီးနစ်မြုပ်မှုကြောင့် စိုက်ပျိုးသီးနှံများ နှစ်တိုင်းကြုံလာရသောကြောင့် အချိန်ကာလကြာမြင့်လျှင် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်သော ကျေးရွာလူထု စီးပွားရေးထိခိုက်လာနိုင်ပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

အင်းကြီးကျေးရွာတွင် ကျန်းမာရေးချို့တဲ့မှုများရှိလာပါက ကျေးရွာရှိဆေးပေးခန်းမှ သာမာန်အဖျားရောဂါများ ကုသနိုင်သော်လည်း အရေးပေါ်ကိစ္စရပ်များအတွက်ကိုမူ နိဗ္ဗာန်တိုက်နယ်ရှိ ပြည်သူ့ဆေးရုံသို့လည်းကောင်း ၊ ဟသ်ာတမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့လည်းကောင်းသွားရောက်ပြသကြပါသည်။ ကျေးရွာနှင့်တိုက်နယ်ဆေးရုံသည် (၇)မိုင်ကွာဝေးပြီး မြို့နယ်ဆေးရုံနှင့် (၁၅)မိုင် ကွာဝေးပါသည်။ ရွာတွင်ကျေးလက်ဆေးပေးခန်းရှိသော်လည်း ဆေးဝါးလုံးလောက်မှုမရှိပေ။ ရွာတွင်ကျေးလက်ဆေးပေးခန်းရှိသော်လည်း ဆေးဝါးလုံလောက်မှု မရှိပေ။

သောက်သုံးရေကို အဝီစိတွင်းများမှ အသုံးပြုပါသည်။ ကျေးရွာတွင်ယင်လုံအိမ်သာကို အိမ်ထောင်စုတိုင်းနီးပါး သုံးစွဲသောကြောင့် ကျန်းမာသန့်ရှင်းရေးကို အလေးထားသော ကျေးရွာဖြစ်ပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

အင်းကြီးကျေးရွာ၏ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသားဦးရေ(၅၄)ဦးရှိပါသည်။ မူလတန်းအဆင့်အောင်မြင်သူများမှာ(၃)မိုင်ကွာဝေးသောယုန်သလင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ကြားရပါသည်။ ကျောင်းအကျိုးတော်ဆောင်(၅)ဦးနှင့် မိဘဆရာအဖွဲ့များသည် ကျောင်းလိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်ကြသောကြောင့် ကျောင်းပညာရေး အခြေအနေများအတွက် အခက်အခဲမရှိဆောင်ရွက်နိုင် ပါသည်။

အင်းကြီးကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပါသည်။ စပါးကို မိုးရာသီနှင့်နွေရာသီတွင် စိုက်ပျိုးကြပြီး ကွမ်းကို နွေ ၊မိုး ၊ဆောင်း ရာသီသုံး ရာသီလုံးစိုက်ပျိုးကြပါသည်။ နွား၊ဝက်၊ကြက်၊ဘဲ၊မြင်းမွေးမြူကြသော်လည်း စီးပွားဖြစ်မွေးမြူခြင်းမရှိပေ။ စိုက်ပျိုးရေးမလုပ်သောအိမ်ထောင်စုများ အနေဖြင့် ဈေးဆိုင်၊အရောင်းအဝယ်နှင့် ကျပန်း/ဘောက်လုပ်ကိုင်ဆောင်ရွက်ကြသည်။ တက္ကသိုလ်ဘွဲ့ရများရှိသောကြောင့် အစိုးရဌာနများတွင် တက်ရောက်အမှုထမ်းနေသော အစိုးရဝန်ထမ်းများလည်းရှိသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

အင်းကြီးကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေများအနက် အမျိုးသမီးဦးရေမှာအမျိုးသားဦးရေထက်ပိုများပါသည်။ စပါးစိုက်ပျိုးချိန်တွင် အမျိုးသားတစ်ဦးလျှင်(၅၀၀၀)ကျပ်ခန့်ရရှိပါသည်။ ကွမ်းခူး၊ ကောက်စိုက်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀)ကျပ်ခန့်ရရှိပါသည်။ ကျေးရွာ၏ အိမ်ထောင်စု ပေါင်း(၄၀)ခန့် အလုပ်လုပ်ကိုင်ကြသည်။ ကျေးရွာ၏စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်အမျိုးသမီးဦးရေမှာပိုမိုများပြားပါသည်။ ကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်မှုမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများတက်ကြွစွာ ပူးပေါင်းပါဝင်ကြပါသည်။ သို့သော်လည်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။

ကျေးရွာတွင်အမျိုးသမီးများအတွက် သံသယဖြစ်ဖွယ်အကြမ်းဖက်မှု၊ တိုင်ကြားမှုများမရှိပါ။ လူနေမှုအဆင့်အတန်းခွဲခြားဆက်ဆံမှုမရှိဘဲ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး စည်းလုံးညီညွတ်စွာနေထိုင်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

အင်းကြီးကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာလမ်းကော်မတီ မိဘဆရာ အသင်းရပ်မိ/ရပ်ဖ၊ ဂေါပက၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့တို့သည် ကျေးရွာ၏ သာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှလမ်းညွှန်ချက်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ၊ကျေးရွာသား များကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောဦးစားပေးလုပ်ငန်းများအား သက်ဆိုင် ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

အင်းကြီးကျေးရွာတွင် တောင်သူများ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး မိုးရာသီတစ်ရာသီတွင်သာစိုက်ပျိုးကြသည်။မိုးစပါး စိုက်ခင်းအား လုံးသည် မျိုးစေ့ကျဲစနစ်ကို ကျင့်သုံးကြ ပါသည်။ စိုက်ပျိုးရေးချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပံ့ပိုးသောချေးငွေမျာ မြေပြင်ပြင်ဆင်စရိတ်နှင့် စိုက်ပျိုးစရိတ်အထိ အထောက်အကူပြုပါသည်။သို့သော် ဓါတ်မြေသြဇာနှင့် ရိတ်သိမ်းစရိတ်တို့တွင် ပြင်ပလုပ်ငန်းရှင်များနှင့် ဓာတ်မြေသြဇာ အရောင်း ဆိုင်တို့မှ အတိုးနှုန်း (၃)ကျပ်မှ (၅)ကျပ် အလိုတ်ချေး ငွေများအတွက် အတိုးနှုန်း (၆)ကျပ်အထိ လိုအပ်သောချေးငွေများ ချေးယူရပါသည်။နွေစပါးပြုပြင်ချိန် တိုတောင်းခြင်းတို့ကြောင့်လယ်သမား အားလုံးကျဲခင်းသာ ပြုလုပ်ကြပါသည်။

ကွမ်းစိုက်ပျိုးခြင်းနှင့် အခြားသီးနှံများစိုက်ပျိုးခြင်းတို့ကို လယ်အလုပ်နှင့် တွဲဖက်လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်သောကြောင့် ကြက်၊ဘဲ၊ ဝက်၊ နွားတို့ကို တစ်နိုင် တစ်ပိုင်သာမွေးမြူကြပါသည်။ကျေးရွာရေပေါ် ရေလျှံသာ လုပ်ကိုင်ကြပါသည်။ ကျေးရွာ၏အင်းကို အမှီပြုလုပ်ကိုင်စားသောက် နေရသော အိမ်ထောင်စုအချို့လည်းရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

အင်းကြီးကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားလုပ်ငန်း လုပ်ကိုင်သူများမှာများမှာ အိမ်ဆိုင်၊ အရောင်းအဝယ်၊ ပန်းရံ၊ လက်သမား၊

ဆိုင်ကယ်ပြင်ဆိုင် စသည်တို့ဖြစ်ကြပါသည်။ နေ့စားလုပ်ကိုင်ကြသူများမှာလည်း ပန်းရံဆင်း၊ ကုန်ထမ်း၊ လယ်ထဲဆင်း၊ ခြံထဲဆင်းနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။တစ်နေ့လျှင်ကျား(၅၀၀၀) နှင့်မ(၃၀၀၀)ခန့် ရရှိပါသည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

အင်းကြီးကျေးရွာ၏ စိုက်ပျိုးရေးတွင် သဘာဝမြေသြဇာများကို အသုံးပြုမှု နည်းပါးလာပြီး ဓါတုမြေသြဇာများ၊ ဓါတုပိုးသတ်ဆေးများကို လိုအပ်သည်ထက် ပိုမိုအသုံးပြုလာသောကြောင့် စိုက်ပျိုးမြေများမှာ မြေဆီသြဇာများခမ်း ခြောက်လာပြီး မြေဆီလွှာခမ်းခြောက်မှုများ ဖြစ်ပေါ်လာပါသည်။ မြေဆီလွှာ ပျက်စီးလာမှုကြောင့် သဘာဝဆေးဘက်ဝင်အပင်များလည်း ရှားပါးလာကာ အပင်များအတွက် ရောဂါကာကွယ်ထိန်းချုပ်မှု အားနည်းလာသောကြောင့် ဖျက်ပိုးများ ကျရောက်မှုရှိနေပါသည်။ ယခုအခါလူငယ်များသည် စိုက်ပျိုးရေး သင်တန်းကျောင်းများမှ အသိပညာများရရှိလာကာကျေးရွာအတွင်းသို့ အသိပညာ များပေးလျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရေဒီယို၊ တီဗွီတို့မှ သိရှိရပါသည်။ကျေးရွာလုံခြုံရေးအတွက်အရန်မီးသတ်တပ်ဖွဲ့၊ အုပ်ချုပ်ရေးမှူးနှင့်ကျေးရွာ လူငယ်များအဖွဲ့မှ တက်ကြွစွာပါဝင်ကြပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီးဌာနတို့သည် ငွေချေး ရန်အရင်းအမြစ်များဖြစ်ပါသည်။မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမား များသာထုတ်ချေး ပြီးလယ်တစ်ဧကလျှင် (၁၅၀၀၀၀) ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးငွေမှာ (၁၅၀၀၀၀) ကျပ်ဖြစ်ပါသည်။အတိုးနှုန်းမှာ (၀.၈)တိုး ဖြစ်ပြီးလတိုးဖြစ်ပါသည်။ထုတ်ချေးသည့်ကာလမှာ(၇)လဖြစ်ပါသည်။ တောင်သူ များအနေဖြင့် လုံလောက်သော ချေးငွေမရရှိသဖြင့် အပြင်လုပ်ငန်းရှင် များထံမှ ငွေတိုးချေးယူသုံးစွဲ ရပါသည်။

သမဝါယမအဖွဲ့မှ ငွေထုတ်ချေးသည့် အစီအစဉ်မှာ အဖွဲ့ဝင်ဖြစ်လျှင် ထုတ်ချေးနိုင်ပါသည်။အဖွဲ့ဝင်ဖြစ်လျှင်(၅၀၀၀)ကျပ်စုရသည်။ စိုက်ပျိုးရေးနှင့် ကျပန်းဟူ၍ ငွေထုတ်ချေးသည့်ပုံစံ(၂)မျိုးရှိပါသည်။ အတိုးနှုန်းမတူပါ။

ငွေပမာဏမှာတစ်ဦးလျှင်ပထမအကြိမ်တွင်(၁၀၀၀၀၀)ကျပ် ထုတ်ချေးနိုင် သည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

အင်းကြီးကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းမှာ (၉၀'×၃၀')ရှိသော တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီးအရည်အသွေးကောင်းမွန်ပါသည်။ ကျောင်းတွင် အစိုးရခန့် ကျောင်းအုပ်ဆရာမ (၁)ဦး ၊ဆရာ၊ဆရာမ(၅)ဦး စုစုပေါင်း (၆)ဦးရှိကာ ကျောင်းသား နှင့်ဆရာ/ဆရာမအချိုးညီမျှမှုလဲရှိပါသည်။ကျောင်းအိမ်သာ အခြေအနေမှာ ကိုယ်ထူကိုယ်ထသာရှိပြီး အစိုးရက ဆောက်လုပ်ပေးသော ကျောင်းအိမ်သာမရှိသေးပါ။ကလေးငယ်များအတွက် ကစားစရာပစ္စည်းများလည်း လိုအပ်နေပါသည်။ကျေးရွာရှိမူလတန်းကျောင်းတွင်တက်ရောက်ပြီးသော်လည်း ( ၃ )မိုင်ကွာဝေးသော ယုန်သလင်းရွာရှိ အထက်တန်းကျောင်းကို သွားရောက်သင်ကြားရပါသည်။ကျေးရွာတွင်ကျန်းမာရေးအတွက် ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ကျန်းမာရေး ဝန်ဆောင်မှုများကို ကျန်းမာရေးဝန်ထမ်းများမှထိုးနှံ ပေးသော ကြောင့်ကလေးများနှင့် ကိုယ်ဝန်ဆောင် မိခင်များမှာ ဖြစ်ပေါ်တတ်သော ရောဂါများကင်းဝေးကြပါသည်။

သာမာန်အဖျားများအတွက် ကျေးလက်ကျန်းမာရေးဌာနတွင်ပျောက်ကင်းသော်လည်းဆိုးဝါးသော ရောဂါများနှင့်မတော်တဆဖြစ်မှုများအတွက်ကျေးရွာနှင့် (၇)မိုင်ကွာဝေးသော နိဗ္ဗာန်တိုက်နယ်ဆေးရုံသို့ လည်းကောင်း၊ (၁၅)မိုင်ဝေးသော ဟင်္သာတမြို့နယ် တိုက်နယ်ဆေးရုံသို့ သွားရောက်ကုသရပါသည်။ ထိုသို့သွားရောက်ကုသရာ၌ မိုးရာသီတွင် အခက်အခဲရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာပက ကျန်းမာရေးအတွက်သာမက ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာမှာဖြစ်ပြီး စီးပွားရေး အခွင့်အလမ်းကောင်းများနှင့် အလုပ်အကိုင်များရရှိလာမှာဖြစ်ပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များမှာ ကျေးရွာ၏သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ယခင်ကထဲက ဖွဲ့စည်းခဲ့သောဝတ်အသင်းအား ယနေ့အချိန် လူငယ်များအထိ ဆက်လက်တည်ရှိနေပါသည်။ လူငယ်များအတွက် အားကစားတွင် စိတ်ဝင်စားလာစေရန် ရပ်ကွက်ဘောလုံးပွဲများကိုလည်း နှစ်စဉ်ပြုလုပ်ပေးပါသည်။လူငယ်များကျေးရွာသာရေး၊ နာရေး၊ ဘာသာရေးများတွင် ပါဝင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပါဝင်မှုအားနည်း

နေပါသည်။ ကျေးရွာမှ လူကြီးများ၏ လက်တွဲခေါ်ယူမှုကလည်း လိုအပ်နေပါသည်။

လူငယ်အဖွဲ့စနစ်တကျဖွဲ့စည်းရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် အဆိုပြုကြပါသည်။

**(ဇ) အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး**

အင်းကြီးကျေးရွာလမ်းသည် တောင်စုနှင့် ရွာချင်းဆက်လမ်းမှာ၂၀၁၈ ခုနှစ်၌ အကျယ်(၁၀)ပေ၊ထု(၆)လက်မ၊အရှည်(၁၂၀၀)ပေခန့်ရှည်သော ကျောက်ကြမ်းလမ်းကိုခင်းထားပါသည်။ အင်းကြီးကျေးရွာတွင် သယ်ယူပို့ဆောင်ရေး ကဏ္ဍ၌ကုန်းလမ်းကိုသာအသုံးပြုကြပါသည်။ ကျေးရွာအတွင်း ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်၊ စက်ဘီး စသည်တို့နှင့် အဆင်ပြေသလို သုံးစွဲနေကြပါသည်။

ကျေးရွာမီးအလင်းရောင်အတွက် ယခင်ကဖယောင်းတိုင်နှင့်မီးခွက်ကိုသာ အသုံးပြုနေရပြီး ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေဦးစီးဌာန အစီအစဉ်ဖြင့် ဆိုလာ စနစ်မီးလင်းရေးကို အသုံးပြုပါသည်။ ကျေးရွာတွင် တယ်လီဖုန်းလိုင်းနှင့် ဂြိုလ်ထုစလောင်းများမှ ဖမ်းယူကြည့်ရှုနိုင်သော်လည်း အင်တာနက်လိုင်းကောင်းမွန်စွာ မရရှိနိုင်သေးပါ။ ဖုန်း၊စလောင်း၊ရေဒီယို၊စလောင်း အသုံးပြုနိုင်သောကြောင့် သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ ရယူနိုင်ပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

အင်းကြီးကျေးရွာသည် မိသားစုကဲ့သို့ပင် စည်းစည်းလုံးလုံးနေထိုင်ကြပြီး ပြဿနာကြီးကြီးမားမားဖြစ်လေ့ဖြစ်ထနည်းပါးပါသည်။ ဘုန်းတော်ကြီးများ၏ ဆုံးမမှု၊ လူကြီးမိဘများ၏ဆုံးမမှုဖြင့် အေးချမ်းသာယာစွာ နေထိုင်ပါသည်။ ယခင်ကအမှုအခင်း အနည်းငယ်ရှိခဲ့သော်လည်း ၂၀၁၈ခုနှစ်မှစ၍ မရှိတော့ပါ။ ကျေးရွာတည်ငြိမ်အေးချမ်းရေးအတွက် ကျေးရွာရပ်မိရပ်ဖ၊

ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူငယ်အပေါင်းတို့က စုပေါင်းဆောင်ရွက်ပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

အင်းကြီးကျေးရွာတွင်အလုပ်လုပ်နိုင်သော လူဦးရေစုစုပေါင်းမှာကျေးရွာကျေးရွာလူဦးရေ၏(၇၀)% ရှိပါသည်။ ထို့အပြင် တက္ကသိုလ်ဘွဲ့ရများလည်းရှိပါလည်းရှိပါသည်။ လူကြီးလူငယ်လက်တွဲပြီးကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလများအတွက်အတွက်အားရဖွယ်ရာပင်ဖြစ်သည်။ အင်းကြီးကျေးရွာသည် စိုက်ပျိုးရေးကိုအခြေခံကာစီးပွားရေးလုပ်ကိုင်ကြသောကြောင့် မိုးစပါး၊နွေစပါး (အနည်းငယ်)၊ မတ်ပဲနှင့်ကွမ်းကိုစိုက်ပျိုးထုတ်လုပ်နိုင်ပါသည်။ သီးနှံများရောင်းချချိန်တွင် စပါးဦးပဲဈေးမကောင်း၍ မိမိလုပ်အားခ ပြန်ရရုံထုတ်လုပ်မှုအဆင့်သာရှိပြီး လယ်သမားမိသားစုများနှင့် ကျပန်းလုပ်ငန်းများအတွက် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးလာပြီး စပါးအခြေခံရောင်းဝယ်မှု ၊ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်များတွင် ရောင်းဝယ်ဖောက် ကားသူစသည်ဖြင့် စပါးထုတ်လုပ်မှု တစ်ခုမှာကျေးရွာသူ/သားများအတွက် ဝင်ငွေနှင့် စားနပ်ရိက္ခာကို ကတန်အသင့်သော ဖူလုံစေသည်ဟုဆိုရမည်ဖြစ်ပါသည်။

ကျေးရွာရှိရေလုပ်ငန်းလုပ်ကိုင်ကြသော မိသားစုများအတွက်ဖမ်းဆီးရရှိသော ငါးပုဇွန်များကို (၃)မိုင်ဝေးသောယုန်သလင်းဈေးသို့ သွားရောက်ရောင်းချရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အိမ်ထောင်စုအများစုမှာအသက်မွေးမှုပြုကြသဖြင့် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကိုထုတ်ယူနိုင်ခြင်း၊ သမဝါယမ ချေးငွေစသည်ဖြင့် ချေးငွေများကိုလက်လှမ်းမီသောကြောင့် မိမိတို့အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် သင့်တော်သောရင်းနှီးငွေပမာဏရရှိနိုင်ပါသည်။

အင်းကြီးကျေးရွာရှိ မူလတန်းကြောင်းမှာ ကျောင်းသူ/ကျောင်းသားများအတွက်သင့်တော်လုံလောက်မှုရှိသည့်အပြင် မိဘဆရာအသင်းမှလည်းစုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်ကြသောကြောင့်

မူလတန်းအဆင့်ပညာရေးအတွက် ကောင်းမွန်သော အလားအလာများဖြစ်ပါသည်။ ၎င်းအပြင် အလယ်တန်းနှင့်အထက်တန်းကျောင်းကို (၃)မိုင်ခန့်ကွာ

ဝေးသောယုန်သလင်းကျေးရွာသို့ ကျောင်းတက်နိုင်သည်ဖြစ်ရာ ကုန်ကျစရိတ် နည်းပါးစွာဖြင့် ပညာတက်လူငယ်များစွာပေါ်ထွက်မြဲဖြစ်ပါသည်။ ထို့အပြင် ကျွန်ုပ်တို့ရွာရှိ မူလတန်းကျောင်းကိုသာ အလယ်တန်းအဆင့်တိုးမြှင့်ပေးမည်ဆိုပါက ကျောင်းတက်ရသော ကျောင်းသား/သူများအတွက် အလွန်အဆင်ပြေမည် ဖြစ်ပါ သည်။

တိုက်နယ်/မြို့နယ်ဆေးရုံတို့နှင့် ကွာဝေးသောကြောင့် အရေးပေါ်အခြေအနေများတွင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေဖြစ်ပါသည်။ ကျေးရွာတွင် ကလေး၊လူကြီး ကျား/မ မရွေးကျေးရွာ၏ သာရေး၊ နာရေး၊ ဖွံ့ဖြိုးရေး လုပ်ငန်းများကို တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြပြီး အိမ်ထောင်စုတစ်စုနှင့်တစ်စုမိသားစုသဖွယ်နေထိုင်ကြပြီး ကြီးမားသောမှုခင်းဖြစ်ပွားမှုအခြေအနေနည်းပါးကာ ကျေးရွာ၏ဖွံ့ဖြိုးရေးအတွက် ကောင်းမွန်သောအခွင့်အလမ်းတစ်ရပ် ဖြစ်ပါသည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

အင်းကြီးကျေးရွာနှင့် ရွာချင်းဆက်သော တောင်စုကျေးရွာအတွင်းမှ မိုးရာသီတွင် ကားများသွားလာ၍ မရသောကြောင့် အရေးပေါ်လူနာများရှိပါက လမ်းတွင်ကြန့်ကြာမှုများရှိနေသောကြောင့် အသက်အန္တရာယ် စိုးရိမ်ရသည့် အခြေအနေနှင့်ရင်ဆိုင်ရပါသည်။ ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေသောအဖွဲ့အစည်းများရှိသော်လည်း သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ရန် အားနည်းနေပါသည်။ ကျေးရွာတွင် စိုက်ပျိုးသီးနှံများထွက်ရှိသော်လည်း အချိန်မီရောင်းချရန်အတွက် ဈေးကွက်နှင့်အလှမ်းဝေးနေသေးသည်။ ထို့ကြောင့်ထိုက်သည့်သောဈေးနှင့် ဈေးနှုန်းမှန်ကန်စွာရောင်းချနိုင်မှု မရှိသေးပါ။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

ကျွန်ုပ်တို့အင်းကြီးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုအဆင့်အတန်းမြင့်မားရေးအတွက် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲပြီးဖြစ်ပါသည်။၎င်းပန်းတိုင်အတွက် အကောင်အထည်ဖော်ရေး စီမံကိန်းများ ရေးဆွဲထားပါသည်။

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ၊ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးတို့အပြင် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေမည့်ရည်မှန်းချက်များကိုလည်း (၂၀၁၈မှ၂၀၂၃) ၅နှစ်တာကာလ အတွင်း အောက်ပါအတိုင်းရိုးရှင်းစွာ ချမှတ်ထားပါသည်။

(က.၁) ရွာလူထုသည် စိုက်ပျိုးရေးထုတ်ကုန်ထိုးမြှင့် ထုတ်လုပ်ခြင်း မွေးမြူရေး များတိုးတက်လုပ်ကိုင်နိုင်တိုးတက်လုပ်ကိုင်နိုင်ခြင်းဖြင့်ဝင်ငွေတိုးတက် စေရမည်။

(က.၂) လူငယ်များအား ပညာတတ်မြောက်မှုကို ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာ ရပ်များကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေ တိုးမြင့်လာစေရမည်။

(က.၃) ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်၊ သန့်ရှင်းသော သောက်သုံးရေရရှိစေရန်နှင့် ကျေးရွာမီးလင်းရေးဆောင်ရွက်နိုင်ရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် များနှင့်စီမံကိန်းများကိုအောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာ များကျင့်သုံး၍စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်း ချက်များကိုရောက်ရှိမည်ဟုယုံကြည်ပါသည်။

(ခ.၁) ကျေးရွာမိရိုးဖလာစိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူ များ၏ဝင်ငွေတိုးတက်စေရန်အတွက်အထွက်နှုန်းနှင့်အရည်အသွေးကောင်း ပြီး ဈေးကွက်အတွင်း လူကြိုက်များသောစပါးမျိုးများကိုသာ ဦးစား ပေးစိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးနည်းပညာများ ၊ ပိုးမွှားရောဂါကာ ကွယ်ရေး၊ နည်းလမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနမှ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ပါသည်။

(ခ.၂) လယ်သမားများနှင့်ကျပန်းမိသားစုများအား မွေးမြူရေးကုသရေးလုပ်ငန်း ဖြင့် အပိုငွေရရှိစေရန် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အကူ အညီဖြင့် တိရိစ္ဆာန်ရောဂါကာကွယ်ရေး အစီအမံများလုပ်ဆောင်ခြင်း၊

ကျေးလက်မွေးမြူရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ စနစ်ကျသော ခေတ်မီသော မွေးမြူရေးနည်းပညာသင်တန်းများဖြန့်ဝေခြင်းကို လုပ်ဆောင်ရန်လိုအပ်ပါသည်။

(ခ.၃) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓါတ်အားလိုင်းနှင့်ချိတ်ဆက်နိုင်ရန် မတက်နိုင်သေးသဖြင့် လတ်တလောကာလတွင်အဆင်ပြေနိုင်မည့် ဆိုလာပြားများ အားအိမ်တိုင်းစေ့နီးပါး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အကူအညီဖြင့်အသုံးပြုနေကြပြီးနေကြပြီးဖြစ်ပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကိုပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် အင်းကြီးကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့်ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုပေးနိုင်ပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည်အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့သည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ၊ ကျေးရွာသားများ၏ အားထုတ်လုပ်ကိုင်မှုများကိုပြန်လည်စိစစ်ခြင်းနှင့်ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်ရန်ပြုပြင်ရေးဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီဆက်လက်ရန်အကူအညီဆက်လက်ရရှိမည်ဟုမျှော်လင့်ပါသည်။

### (ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

အင်းကြီးကျေးရွာ၏ လိုအပ်ချက်တစ်ရပ်တွင်စိုက်ပျိုးရေး၊မွေးမြူရေး၊ အခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင်ချေးငွေထုတ် ချေးပေးနေသောမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ (ကာလတိုချေးငွေ) တစ်ခုတည်း

ကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူတောင်သူများအတွက် လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည်

ကာလရှည်ချေးငွေထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့်ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/သားများ လိုအပ်သောချေးငွေများထုတ်ချေးပေးနိုင်ရန်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကိုလျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီပြောင်းလဲသင့်ပါသည်။

## (ဂ) အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့်ဈေးကွက်အတွက် အထောက်အပံ့များဖြည်းဆည်းပေးခြင်း

အင်းကြီးကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေး အတွက်စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ ဈေးကွက်ဆိုင်ရာသဘောသဘာဝသိရှိမှု၊ အားနည်းခြင်းနည်းခြင်းနှင့်အရည် အသွေးကောင်းမွန်သော ထုတ်ကုန်များရရှိရေးအတွက်ခေတ်မီသေနည်းပညာများလိုအပ်ခြင်းပင်ဖြစ်သည်။ ညောင်တုန်းနှင့်အလှမ်းမဝေးလှသောအားသာချက်ကိုအမှီပြု၍ ဒေသထွက်ကုန်များကိုသင့်တော်သောဈေးနှုန်းဖြင့်ရောင်းချနိုင်ရန်ဈေးကွက် သဘောတရားများကိုနားလည်အောင်နည်းလမ်းပြပေးနိုင်မည့်မြို့နယ်အဆင့်မှစိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများ၏ပူးပေါင်းလမ်းပြဖေးမမှုများကလည်းအရေးပါလှပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစားအရည်အသွေးရှိသော တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန်နည်းပညာသင်တန်းများရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိလူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာအသုံးချနိုင်ရုံမက ဒေသတွင်းတစ်နိုင်တစ်ပိုင်အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့်ကျေးရွာ၏ဝင်ငွေရရှိမှုကိုမြင့်မားလာခြင်းအခြားဒေသများတွင်ရွှေ့ ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများ တိုးတက်လာစေပြီးမိသားစုများ ပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းစသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှုတိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှု လျှော့နည်းစေ ရေးကိုအထောက်အကူပြုနိုင်ပေမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင် အထည်ပေါ်စေနိုင်မည့်နည်းဗျူဟာများအဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း(၅)နှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ်မရှိမဖြစ်လိုအပ်ပါသည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည်(၅)နှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည်။ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်ပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကိုအကောင်အထည်ဖော်မှု(၂-၃)နှစ်ကျော်လာချိန်တွင် စီမံကိန်း(၅)နှစ်တာ ကာလအတွင်းဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသောသဘာဝဘေးအန္တရာယ်သက်ရောက်မှုများမရှိခဲ့လျှင် (၅)နှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည်အနည်းနှင့် အများပြောင်းလဲမှုရှိမည်မဟုတ်သော်လည်း စီမံကိန်း(၅)နှစ်တာအတွင်း ထအ်တိုးစီမံကိန်းများ ရှိလာနိုင်ပါသည်။

ထိုကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်နှစ်အလုပ် ဘဏ္ဍာရေးနှစ်ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း ၊ အစီအစဉ်နှင့်စီမံချက်များအားပြုပြင်မွမ်းမံနိုင်ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန်ဦးတည်ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက် ၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များနှင့် စီမံချက်ဆိုင်ရာ အချက်အလက်များကိုစီစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက်ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီး

မြှပ်နှံမှုအမျိုးအစားကို အခြေခံ၍အုပ်စု သတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

- လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)

- ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များ အလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

- ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classification) တွင်

  - သာမန်အသုံးစရိတ်
  - ငွေလုံးငွေရင်းအသုံးစရိတ်၊
  - စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
  - လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက်တက်ရောက်သူ ကျေးရွာသူ၊ ကျေးရွာသားအုပ်စု(၄)စုထဲမှ (၁၀)ဦးက ဦးစားပေးရမည့်စီမံချက်များကိုအမှတ်ပေးရပါမည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက်သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|---|
| ၁ | လမ်း | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းရေး | ၈၈ | ၁ |
| ၂ | ကျန်းမာရေး | ကျန်းမာရေးအသိပညာပေးဟောပြောရန်နှင့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာများ ဆောက်လုပ်စေရေးတိုက်တွန်းရန် | ၈၅ | ၂ |
| ၃ | မီးလင်းရေး | ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန် | ၈၃ | ၃ |
| ၄ | ချေးငွေရရှိရေး | ငွေချေးဝင်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ခြင်းနှင့်အတိုးနှုန်းသက်သာပြီး ကာလရှည်စွာထုတ်ချေးနိုင်မည့်အဖွဲ့ များနှင့်ချိတ်ဆက်ရေး | ၈၀ | ၄ |
| ၅ | ပညာရေး | ကလေးအားကစားကွင်း တည်ဆောက်ရေးနှင့်ကျောင်းအိမ်သာ ဆောက်လုပ်ပေးရေး | ၈၀ | ၅ |
